# တရုတ်ပြည် ကွေ့ဖိုး ၁၂ ရက် ခရီးစဉ်004

April 22, တနင်္လာနေ့ပါ ၆ နာရီ wake-up call, ၇ နာရီ မနက်စာ သေတ္တာချ ၈ နာရီ ၁၅ မိနစ် စထွက်၊ တည်းခိုတဲ့နေရာက သစ်တောနားမှာဆိုတော့ အတော်ကို သာယာလှပါတယ်။ မနက် စောစော အိပ်ယာကထပြီး အခန်းနောက်က ဝရံတာကနေ ကြည့်တော့ သစ်တောကြီးကို တွေ့ရပါတယ်။ မြူခိုတွေရဲ့ကြားမှာ အိပ်ထခြင်းမရှိသေးတဲ့ သစ်တောက မနက်အစာရှာထွက်တဲ့ ငှက်သံကလွဲလို့ ပကတိ တိတ်ဆိတ်လို့ နေပါတယ်။ ဟော်တယ်ရဲ့ အဓိကအခန်းကနေ နောက်ဘက်ထွက်သွားတော့ နောက်ခံ တောင်တန်းရယ်၊ ချောင်းရေစီးသံ ရယ် လှပတဲ့ ဥယာဉ်လေးရယ် မြူခိုတွေ တဝေဝေနဲ့ သဘာဝက နတ်ဘုံများရောက်နေသလား ထင်မိပါတယ်။ လှချက်ကတော့ စာဖွဲ့မမှီအောင် လှပလို့နေပါတယ်။ ဓါတ်ပုံရိုက်လိုက် ပြန်ကြည့်တော့ အပြင်လောက်မလှလို့ ဖျက်ပြီးမြန်ရိုက် နဲ့ လူအများကကောင်းလှပါပြီးပြောနေတဲ့ ကျနော်ရဲ့ ကင်မရာက ဒီတခါတော့ သဘာဝအလှကို မဖမ်းနိုင်ဘဲ လက်မှိုင်ချ အရှုံးပေးရလေပြီ။ မနက်စာ အတွက် အချိန်နဲနဲစောနေသေးလို့ ကျနော်တို့ အဖွဲ့ က တချို့စုပြီး တိုက်ချိ ကစားလို့ နေပါတယ်။ မနက်စာ စားပြီး ထွက်လာတာ ၈ နာရီခွဲ လောက် Fanjing Mountain Scenic area ကို ရောက်တယ်။ ၉ နာရီလောက်မှာ ဂိတ်ဝကနေ ကေဘယ်လ်ကား စီးဘို့ ဘတ်(စ်)ကားတန်းစီစောင့် ကြပါတယ်။ ၂၅ မိနစ်လောက် စီးပြီးတော့ ကေဘယ်လ်ကားနဲ့ တခါ ပေ ၆၈၉၀ အထိ ရောက်ပါတယ်။ အဲဒီကနေစပြီး လျှောက်တက်ရမှာပါ တစ် နာရီလောက် တောင်တက်ရမှာပါ။ လှေခါးထစ် တွေရှိပေမဲ့ အတော့ကို မတ်ပါတယ်။ အပေါ်ရောက်လေလေ မိုးတိမ်တွေက ကိုယ့်အောက်ရောက် ရောက်သွားပါတယ်။ ဟိုတကွက်ဒီတကွက်မှာ ပေါက်နေတဲ့ တောင်စလပ် ပန်းတွေကလည်း လှပါပေ့။ မြင်ရတဲ့ ရှုခင်းကတော့ စာဖွဲ့ပြီးဖော်မပြနိုင်လောက်ပါပဲ။ အရေးကလှေကထစ် တွေမော့ကြည့်ပြီး ရင်မောလာ ရင် နောက်လှည့်ပြီး တောင်တန်းနဲ့တိမ်ဖျာ တွေကိုကြည့်လိုက်တော့ အမောတွေကို ပြေစေပါတယ်။ ဒီလိုနဲ ကျနော် လည်း တဖြေးဖြေး တက်လိုက် ဓါတ်ပုံရိုက်လိုက် နဲ့ Heaven Street အတိုင်း တက်လာတာ တစ်နာရီ ရှိနေပါပြီ။ ညာဘက် ဆက်တက်ရင်တော့ Chengen Temple ရောက်ပေမဲ့ ဘယ်ဘက်ချိုးပြီး Pudu Square ဘက်ကို ဆင်းလာခဲ့ပါတယ်။ Fanjing Mountain ကိုတက်မဲ့ တောင်ခြေပါပဲ။ နောက်ထပ် ပုပ္ပါးတောင်လောက်ပဲ တက်ဘို့ကျန်ပါတယ်။ တကယ်တော့ ဒီ Fanjing တောင်ဟာ ပုပ္ပါးတောင်လိုပဲ မီးတောင်ရှောတောင်တခုပါပဲ။ မှိုပုံပေါက်လို့ မှိုကျောက်တောင် လိုလည်းခေါ်ကြတယ်။ တောင်ထိပ် ရောက်တော့ တောင်ကခွဲနေလို့ နှစ်တောင်လို ဖြစ်နေပါတယ်။ အမြင့်ပေ ၇၆၆၄ ရှိတယ်။ ဒီတောင်ဘယ်လောက်မတ်သလဲမေးရင် ကိုယ်လက်မ ကို ကိုယ်ပြန်ကြည့်ပါတဲ့။ ကိုယ်လက်မလောက်မတ်ပါတယ်တဲ့။ ညာဘက်က Mile Temple ဘယ်ဘက်က shijia Temple ရှိပါတယ်။ တဘက်က ဂေါတမ မြတ်စွာဘုရားကို ပူဇော်ထားပြီး နောက်တောင်တဘက်မှာက နောင်ပွင့်မဲ့ ဘုရားကို ပူဇော်ထားပြီး Heaven Bridge လို့ခေါ်တဲ့ တံတားနဲ့ ဆက်ထားတယ်။ အတက်လမ်းနဲ့ အပြန်လမ်းက တခုစီဖြစ်ပါတယ်။ ဂိတ်ဝကိုပြန်ရောက်တော့ မွန်းလွဲ ၁ နာရီ ခန့်ရှိ နေပါပြီ။ အားလုံး လူစုံပြန်ရောက်ပြီး ၂ နာရီခွဲလောက် နေ့လည်စာ စာဘို့ မနေ့ညကစားတဲ့ ဆိုင်မှာ သွားစားဖြစ်ပါ တယ်။ အဖွဲ့ထဲက တဦး ခြေမှာ ဒဏ်ရာရခဲ့လို့ ဆေးရုံးသွားပြနေလို့ ညနေ ၄နာရီ ကျော်မှ ကျင့်ရွမ်း (Zhenyuan) ကို ထွက်ဖြစ်တယ် ည ၇ နာရီခွဲကျော်မှ Fucheng Hotel zhenyuan ဟော်တယ်ကိုရောက်တယ်။ ၈ နာရီကျော်မှ ဟော်တယ်မှာပဲ ညစာ စားဖြစ်တယ်။ ညစာစားပြီးတော့ တမူထူးပြီးလှပနေတဲ့ မြို့ထဲ တပတ်လမ်းလျှောက်ဖြစ်တယ်။

April 23, အင်္ဂါနေ့၊ ဒီနေ့တော့ ၇ နာရီ wake-up call, ၇ နာရီခွဲ မနက်စာ စားပြီး အချိန်ရလို့ မြို့ထဲ လမ်းလျှောက်ထွက်ဖြစ်ပြန်တယ်။ အမျိုးသမီးက မြောင်းလူမျိုးစု ဝတ်စုံငှါးပြီး ဓါတ်ပုံတွေရိုက်ဖြစ်တယ်။ မြောင်းလူမျိုးဝတ်စုံက တစုံကို တရုတ်ငွေ ၁၀ (US $ 1.5) ပေးရပါတယ်။ ၉ နာရီကျတော့ Nicolas (Tour Guide) ဦးဆောင်ပြီး မြို့လမ်းအတိုင်းလျှောက်လာပြီး Zhonghe တောင်တန်းတက်ဘို့ တံတားကူးခဲ့ကြတယ်။ ဝင်ကြေးလက်မှတ် ဝယ်ပြီး တရုတ်ရှေးဟောင်းဗိသုကာ လက်ရာတွေ ကျော်ကြားတဲ့ သမိုင်း နဲ့ယဉ်ကျေးမှုတွေ နဲ့ Qinglongdong Ancient Building တွေကိုတွေ့ရမှာပါ။ ဒီရှေးဟောင်းဗိသုကာ လက်ရာတွေနဲ့ရှိနေတဲ့ Zhonghe ကျောက်တောင်တန်းဟာမတ်ပြီး ထိုကျောက်ကမ်းပါးမှာ ကွန်းဖြူးရှပ်ဝါဒ နဲ့ ဗုဒ္ဓဝါဒ ဘုံကျောင်းတွေတည်ထား ကို တွေ့ရမှာပါ။ ဒီရှေးဟောင်းအဆောက်အဦးတွေဟာ ဆွဲထားခြင်း၊ ထွင်းထုခြင်း၊ ချိပ်ကပ်ခြင်း၊ မြှုပ်ထားခြင်း၊ ဆောက်တည်ခြင်း စတဲ့ နည်းပညာတွေကိုအသုံးပြုပြီး ကျောက်တောင် အနေအထားအရသင့်သလို အသုံးချထားတာကို တွေ့ရမှာပါ။ ဒီတောင်တန်း ဟာ မြင့်ပြီး ဖြောင့်ဖြောင့် မတ်မတ်ရှိတယ် ကျောက်ကမ်းပါးတွေ ဂူတွေလည်း ရှိနေကြတယ်။ ကျနော်တို့ဟာ တောင်ရိုးတလျှောက် အဆောက်အဦးတွေကို တစ်နာရီကျော်မျှ လှည့်ပတ်ကြည့်ပြီးနေ့လည်စာကို ဟော်တယ် မှာပြန်စားကြတယ်။ မွန်းလွဲ တစ်နာရီကျော်လောက်မှာ ဆီးကြမ်း (Xijiang) ကို ခရီးဆက်ထွက်လာခဲ့ကြတယ်။ ၂ နာရီသာသာလောက်မောင်းပြီးတော့ Xiasi မြို့ဟောင်းကို ရောက်တယ်။ ဒီမြို့ဟောင်းလေးဟာ Qungshui မြစ်ရဲ့ အထက်ပိုင်းမှာတည်ရှိပြီး ၁၅၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါတယ်။ လူဦးရေ သုံးသောင်းငါးထောင် ခန့်ရှိပါတယ်။ ဒီရှေးဟောင်းမြို့ကို ရှမ်းဟိုင်အသေးစား လို့လည်း လူသိများကြပါတယ်။

ဒီမြို့ပေါင်းမှာရှိတဲ့ခွေးဟာလည်း ထူးခြားတဲ့ ပုံစံ ရှိနေတာကို လည်းတွေ့ကြ ရတယ်။ ကျနော်တို့အဖွဲ့ဟာ ဒီမြို့ပေါင်းကို အချိန် ၃ နာရီနီးပါး ဝင်ပြီး ဒေသခံ Tour guide အမျိုးသမီးနဲ့ အတူ လျှောက်ကြည့်ကြတယ်။ နောက် Miaojie Hotel မှာအရင် check in လုပ်ပြီး ညစာ သွား စားကြတယ်။ သူတို့ရဲ့ ဓလေ့အတိုင်း ဆိုင်ထိပ်က တီးမှုတ် သီချင်းဆိုပြီး ကြိုဆိုကြပါတယ် နောက်ဝင်လာသမျှ လူကိုလည်း သူတို့ရဲ့ ချက်အရက် (ခေါင်ရည်) တိုက်ကြတယ်။ နောက် ညစာ စားတဝက်လောက်မှာလည်း အမျိုးသမီး ၄ - ၅ ယောက် အမျိုးသား ၂ - ၃ ယောက် ဝိုင်နားရောက်လာပြီး တီးမှုတ် သီးဆိုကြတယ်။ နောက် အမျိုးသမီးတဦးက ပုဂံလုံးကို ပါးစပ်ဝမှာတေ့ပေးပြီး ကျန်အမျိုးသမီး ၃ ယောက်လောက်က ကိုင်လာတဲ့ ခရာနဲ့ခေါင်ရည်ကို တဆင့်စီ လောင်းပါတယ်၊ ရေတံခွန် ရေစီးတဲ့အတိုင်းပါပဲ။ လောင်းပုံကတော့ နောက်ဆုံးကအမျိုးသမီးက သူ့ခရာနဲ့ သူ့အရှေ့က အမျိုးသမီး ခရာထဲကို လောင်းတယ်။ အဲဒီ အမျိုးသမီးက တခါ သူ့ရှေ့က အမျိုးသမီး ခရာထဲ လောင်းတယ်။ အဲဒီ အမျိုးသမီးက သူ့ရှေ့က အမျိုးသမီးကိုင်ထားတဲ့ ပုဂံလုံးထဲကို လောင်းတယ်။ အဲဒီပုဂံလုံးက ကိုယ်ရဲ့ ပါးစပ်မှတေ့ ထားတယ်။ ခေါင်ရည်ကို အဆက်မပျက်သောက်ရတဲ့သဘောပါ။ ပြီးသွားရင် ပုဂံလုံးကိုင်တိုက်တဲ့ အမျိုးသမီးက တူနဲ့ အစာညှပ်ပြီး ခွန့်ကျွေးသယောင်နဲ့ စားခါနီးကြမှ ဖယ်ပစ်လိုက်ပြီး ကျီးဆယ်ကြပါတယ်။ အစာကို မမိတော့ ရှုံးတဲ့သဘောဖြစ်လို့ သီချင်းတွေဆိုပြီး ခေါင်ရည်ကို စောစောက အတိုင်းပြန်တိုက်တယ်။ တခါ အစာခွန့်ပြန်တယ်။ အဲဒီလို သီချင်းဆိုလိုက် ခေါင်ရည်တိုက်လိုက် အစာခွန့်ပြီး ကျီးဆယ်လိုက်နဲ့ ဒါသူတို့ရဲ့ ပျော်စရာ ချစ်စရာကောင်းလှတဲ့ ဓလေ့ပါဘဲ။ တကယ့်သူတို့ပွဲတော်မှာဆို ခေါင်ရည်က ခရာ တတန်းမှာ အဆင့် ၂၀ လောက်ရှိတယ်။ ခရာတန်းပေါင်း ၃ - ၄ တန်းလောက်ရှိတယ်။ ဒါကိုကြည့်ရင်သူတို့တွေရဲ့ ခေါင်ရည် သောက်အားကို ခန့်မှန်းနိုင်လောက်တယ်။